AMRO
ASEAN +3 MACROECONOMIC RESEARCH OFFICE

10 Shenton Way
#15-08, MAS Building
Singapore 079117
T: +65 6323 9844
F: +65 6223 8187
www.amro-asia.org

# ၂၀၁၇ ခုနှစ် အာဆီယံ+၃ ဒေသစီးပွားရေးအလားအလာ

# အဓိကအချက်များ

## မက်ကရိုစီးပွားရေးဆိုင်ရာအလားအလာနှင့် စိန်ခေါ်မှုများ

၁။ အာဆီယံ+၃ ဒေသသည် ကမ္ဘာ့ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ ပြန်လည် နာလံထူလာမှုနှင့်အတူ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အလားအလာမှာ ကောင်းမွန်လာပြီ ဖြစ်ပါသည်။ ကမ္ဘာ့မရေရာမှုများ ရှိနေသော်လည်း ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်သဖြင့် ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂၀၁၇ ခုနှစ်တွင် ၅.၂ ရာခိုင်နှုန်းရှိ မည်ဟု ခန့်မှန်းရပါသည်။

၂။ ဒေသတွင်းရှိ စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံများဖြစ်ကြသည့် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့၏ စီးပွားရေးတိုးတက်မှုမှာ တည်ငြိမ်ခိုင်မာဆဲ ဖြစ်ပါသည်။ ဒေသတွင်း ထွန်းသစ်စနိုင်ငံများဖြစ်ကြသည့် ကိုရီးယား၊ အာဆီယံ-၅ (မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူနှင့် ထိုင်းနိုင်ငံ) နှင့်ဗီယက်နမ် နိုင်ငံတို့သည် ကမ္ဘာ့ငွေရေးကြေးရေးဈေးကွက် မတည်ငြိမ်မှု ဆက်လက်ဖြစ်ပေါ်နေသော်လည်း ကြံ့ကြံ့ခံနိုင်နေဆဲဖြစ်ပါသည်။ အာဆီယံ ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအိုနှင့် မြန်မာနိုင်ငံတို့သည်လည်း ဆက်လက် တိုးတက်လျက်ရှိပြီး ဒေသတွင်းပေါင်းစည်းမှု၏ အကျိုးရလဒ် များ ရရှိခံစားလျက်ရှိပါသည်။

၃။ ပြည်တွင်းဝယ်လိုအားသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆက်လက်၍ အဓိကမောင်းနှင်အားတစ်ရပ် ဖြစ်လျက်ရှိပြီး၊ လတ်တလော ပို့ကုန်တင်ပို့မှုများ ပြန်လည်အားကောင်းလာမှုသည်လည်း အထောက် အကူပြုလျက် ရှိပါသည်။ နိုင်ငံတစ်နိုင်ငံချင်းအနေနှင့်လည်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဒေသတွင်းပေါင်းစည်းမှု၏ အကျိုးရလဒ်များ ခံစားနိုင်မည် ဖြစ်ပါသည်။

၄။ သို့သော် ကုန်သွယ်မှုနှင့်စပ်လျဉ်းသည့် ကိုယ်ကျိုးစီးပွားကာကွယ်မှု (trade protectionism) မြင့်တက် နေခြင်း၊ ကမ္ဘာ့ငွေရေးကြေးရေးအခြေအနေ တင်းကျပ်လာခြင်း၊ ငွေကြေးဖောင်းပွမှု မြင့်တက်လာခြင်း

AMRO
ASEAN +3 MACROECONOMIC RESEARCH OFFICE

10 Shenton Way
#15-08, MAS Building
Singapore 079117
T: +65 6323 9844
F: +65 6223 8187
www.amro-asia.org

နှင့် ငွေရေးကြေးရေးမတည်ငြိမ်မှုအခြေအနေ မြင့်တက်လာခြင်းတို့သည် အာဆီယံ+၃ ဒေသအပါအဝင် ကမ္ဘာ့စီးပွားရေးအလားအလာကို မှေးမှိန်စေသည့် အန္တရာယ်များဖြစ်ပါသည်။

၅။ မူဝါဒရေးဆွဲချမှတ်သူများအနေနှင့် စီးပွားရေးတိုးတက်မှုနှင့် ငွေရေးကြေးရေးတည်ငြိမ်မှု အခြေအနေ နှစ်ရပ်ကြားတွင် ငွေရေးကြေးရေးတည်ငြိမ်မှုအခြေအနေကို ဦးစားပေးရန် အားပေးတိုက်တွန်းပါသည်။ ဒေသတွင်းရှိ နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေများ လုံလောက်မှုရှိနေသော်လည်း မူဝါဒနယ်ပယ်မှာ ကျဉ်းမြောင်းလာသည့်အပြင် ကမ္ဘာ့မူဝါဒဆိုင်ရာ ဝန်းကျင်အခြေအနေသည်လည်း ပိုမို၍ မရေမရာမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။

**အာရှ ငွေရေးကြေးရေးအကျပ်အတည်း ပြီးနောက် နှစ်၂၀အကြာ အာဆီယံ+၃ ဒေသ**

၆။ အာရှငွေရေးကြေးရေးအကျပ်အတည်းသည် မူဝါဒရေးဆွဲချမှတ်သူများ၏ အကျပ်အတည်းအပေါ် စီမံခန့်ခွဲမှုနှင့် ဖြေရှင်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် အမြင်များကိုပါ ပုံဖော်စေခဲ့သည့် အဓိက သမိုင်းဖြစ်ရပ်တစ်ခု ဖြစ်ခဲ့သည့်အပြင် အကျိုးဆက်အဖြစ် AMRO နှင့် CMIM တို့ တည်ထောင်ခဲ့ခြင်း ဖြစ်ပါသည်။

၇။ အာရှငွေရေးကြေးရေးအကျပ်အတည်းမှ ရရှိသည့် သင်ခန်းစာများသည် ယနေ့တိုင် လေ့လာနေရဆဲ ဖြစ်ပါသည်။ ရရှိခဲ့သည့် သင်ခန်းစာများမှာ ငွေရေးကြေးရေးဈေးကွက်များနှင့် အရင်းအနှီးစီးထွက်မှုမှ ပေါ်ပေါက်သည့် ဆုံးရှုံးမှုအန္တရာယ်များ အပေါ်သတိပြုသည့် မူဝါဒအား အာရုံစိုက်ခြင်း၊ နိုင်ငံများ အကြား ကူးစက်မှုအရှိန်ိနှင့် အကျိုးဆက်များကို မီးမောင်းထိုးပြခြင်းနှင့် ပြင်ပရိုက်ခတ်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ပိုမို၍ ပြောင်းလွယ်ပြင်လွယ်ရှိပြီး တုံ့ပြန်မှုအားကောင်းသည့် မူဝါဒဆိုင်ရာ မူဘောင်တစ်ရပ် လိုအပ်နေခြင်းများ ပေါ်လွင်လာခြင်း စသည့်သင်ခန်းစာများ ဖြစ်ပါသည်။

၈။ အာရှငွေရေးကြေးရေးအကျပ်အတည်း (၁၉၉၇-၂၀၀၆) အပြီး ပထမဆယ်စုနှစ်တွင် ဆိုးကျိုးများ ထိခိုက်ခံစားရသည့် နိုင်ငံများသည် ပြောင်းလွယ်ပြင်လွယ်ရှိသည့် ငွေလဲနှုန်းစနစ်နှင့်အတူ ပိုမို စည်းစနစ်ကျသည့် ငွေကြေးမူဝါဒမူဘောင်များ၊ ပိုမိုခိုင်မာအားကောင်းသည့် စည်းမျဉ်းစည်းကမ်း မူဘောင်များ၊ ဘဏ္ဍာရေးခိုင်မာအားကောင်းရေးနှင့် စီးပွားရေးလုပ်ငန်းများနှင့် ငွေရေးကြေးရေးကဏ္ဍ

10 Shenton Way
#15-08, MAS Building
Singapore 079117
T: +65 6323 9844
F: +65 6223 8187
www.amro-asia.org

ပြုပြင်ပြောင်းလဲမှုများအပါအဝင် ထိရောက်သည့် မူဝါဒဆိုင်ရာ ချိန်ညှိမှုများပြုလုပ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်များ ပြန်လည်ချမှတ် တည်ဆောက်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံခြားသုံးသီးသန့်ရန်ပုံငွေ အားကောင်းစေရေးကိုလည်း လုပ်ဆောင်ခဲ့ကြပါသည်။

၉။ ပိုမိုခိုင်မာသော အခြေခံအုတ်မြစ်ချမှတ်မှုနှင့် ကောင်းမွန်သော မက်ကရိုစီးပွားရေးစီမံခန့်ခွဲမှုများကြောင့် ဒေသတွင်းနိုင်ငံများသည် ကမ္ဘာ့ငွေရေးကြေးရေးအကျပ်အတည်းကို ထိခိုက်မှုနည်းပါးစွာဖြင့် ကြံ့ကြံ့ခံနိုင်ခဲ့ပါသည်။ ၂၀၀၇ ခုနှစ်မှ ယနေ့အချိန်ထိ ဒေသတွင်းကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့တွင် ပေါင်းစည်းမှု တိုးတက်လာသည်နှင့်အမျှ အကျိုးရလဒ်များ ရရှိခံစားလျက်ရှိပါသည်။ တချိန်တည်းမှာပင် ကမ္ဘာ့အရင်းအနှီးစီးဝင်မှုများမှ ပေါ်ပေါက်လာသည့် ဆုံးရှုံးနိုင်ခြေများကို တုံ့ပြန်မှု အားကောင်းသည့် မူဝါဒဆိုင်ရာ မူဘောင်များဖြင့် ကိုင်တွယ်ဖြေရှင်းလျက်ရှိပါသည်။

၁၀။ အာဆီယံ+၃ နိုင်ငံများသည် ပြည်တွင်းမူဝါဒဆိုင်ရာ မူဘောင်များနှင့် ကြားခံဆောင်ရွက်ချက်များနှင့်အတူ၊ ဒေသတွင်း ငွေရေးကြေးရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းစေခြင်းဖြင့် ရိုက်ခတ်မှုများကို ပိုမိုကြံ့ကြံ့ခံနိုင်လာမည်ဖြစ်ပြီး နိုင်ငံ၏ စီးပွားရေးတိုးတက်မှုမှာ စဉ်ဆက်မပြတ် အားကောင်းလာမည် ဖြစ်ပါသည်။